# အမျိုးသားကျန်းမာရေးအာမခံ (NHI) - ဂျပန်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှု၏ အဓိကကျောရိုးအဖြစ် ထမ်းဆောင်နေသော စနစ်

**ဤစနစ်သည် သင်နှင့် သင့်မိသားစုဝင်များ ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပေါ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်စေရန် အာမခံချက်ပေးထားပါသည်။**

ဂျပန်နိုင်ငံတွင် နေထိုင်သူမည်သူမဆို မည်သည့်နိုင်ငံသားဖြစ်စေ ပြည်သူ့ကျန်းမာရေးအာမခံစနစ်တွင် မဖြစ်မနေ စာရင်းသွင်းရန် တာဝန်ရှိ ပါသည်။ အာမခံအကာအကွယ်ရရှိရန်အတွက် အာမခံကြေးများပေးသွင်းရန် မဖြစ်မနေလိုအပ် သော်လည်း ဤစနစ်သည် သင်နှင့် သင့်မိသားစုဝင် များ ဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပွားသည့်အခါ ငွေကြေးဝန်ထုပ်ဝန်ပိုး နည်းပါးစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန် အာမခံချက် ပေးထားပါသည်။

## ပြည်သူ့ကျန်းမာရေးအာမခံ၏ အားသာချက်များ

- ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သွားရောက်ပြသသည့်အခါ ပုံမှန်အားဖြင့် စုစုပေါင်း ဆေးကုသစရိတ်၏ 30% ကိုသာ ပေးဆောင်ရ ပါသည်။ ကျန်ရှိသည့် 70% ကို အာမခံမှကျခံပေးသဖြင့် သင်ကိုယ်တိုင်စိုက်ထုတ်ရမည့် ဆေးကုသစရိတ်များကို သိသိသာသာ လျှော့ချပေးနိုင်ပါသည်။
- ဆေးကုသစရိတ်များ မြင့်မားလာသည့်အခါ သင်၏နေ့စဉ်ဘဝကို အကာအကွယ်ပေးရန်အတွက် အာမခံစနစ်တွင် ငွေကြေး အထောက်အပံ့ပေးခြင်းကဲ့သို့သော ထပ်ဆောင်းအစီအစဉ်များလည်း ပါဝင်ပါသည်။

ပြည်သူ့ကျန်းမာရေးအာမခံအမျိုးအစားများသည် သင့်အလုပ်အကိုင်နှင့် သင့်အသက်အရွယ်ပေါ် မူတည်၍ ကွဲပြားပါသည်။ အမျိုးသားကျန်းမာရေးအာမခံသည် အဓိကအားဖြင့် ဝန်ထမ်းကျန်းမာရေးအာမခံ သို့မဟုတ် အသက် 75 နှစ်နှင့်အထက်ရှိသောသူများအတွက် ဆေးဘက်ဆိုင်ရာစနစ်တို့တွင် အကျုံးမဝင်သူများအတွက် ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ ကျောင်းသားများ၊ အလုပ်လက်မဲ့များနှင့် ဂျပန်နိုင်ငံတွင် သုံးလထက်ပို၍ နေထိုင်မည့် နိုင်ငံခြားသားများ အပါအဝင် ဤအာမခံနှင့်အကျုံးဝင်သူများသည် ဤအာမခံသို့စာရင်းသွင်းရန် လိုအပ်ပါသည်။

## အမျိုးသားကျန်းမာရေးအာမခံသို့ မည်သူများ စာရင်းသွင်းရန် လိုအပ်ပါသနည်း။

သင်သည် ဂျပန်နိုင်ငံတွင် နေထိုင်ပြီး အောက်ပါအမျိုးအစားများထဲမှ တစ်ခုခုနှင့် သက်ဆိုင်ပါက အမျိုးသားကျန်းမာရေးအာမခံသို့ စာရင်းသွင်းရန် လိုအပ်ပါသည်။




## အမျိုးသားကျန်းမာရေးအာမခံအတွက် ဘဏ္ဍာရေးကို မည်ကဲ့သို့ ငွေကြေးထောက်ပံ့ထားပါသနည်း။

### ဆေးကုသစရိတ်များကို မည်သို့ပံ့ပိုးပေးပါသနည်း။

အမျိုးသားကျန်းမာရေးအာမခံအောက်ရှိ ဆေးကုသစရိတ်များကို အာမခံအဖွဲ့ဝင်များမှ ပေးဆောင်ထားသည့် အာမခံကြေးများနှင့် အခွန်ငွေအပါအဝင် အများပြည်သူဆိုင်ရာ ရန်ပုံငွေများဖြင့် ငွေကြေးထောက်ပံ့ထား ပါသည်။
အမျိုးသားကျန်းမာရေးအာမခံစနစ်အောက်ရှိ စုစုပေါင်းဆေးကုသစရိတ်၏ ထက်ဝက်ခန့် (50%) ကို အများပြည်သူဆိုင်ရာရန်ပုံငွေမှ မတည်ပံ့ပိုးပေးထားပါသည်။




**ဤအာမခံသည် လူတစ်ဦးချင်းစီ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးက ဝိုင်းဝန်းပံ့ပိုးပေးသည့်စနစ် ဖြစ်ပါသည်။**

## အမျိုးသားကျန်းမာရေးအာမခံမှ ပေးအပ်သော အကျိုးကျေးဇူးများနှင့် ဆေးကုသမှုခံယူနည်း

အကယ်၍ သင်သည် အမျိုးသားကျန်းမာရေးအာမခံသို့ စာရင်းသွင်းထားပါက ဖျားနာမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် ဆေးကုသမှုခံယူသည့်အခါ ငွေ့ကြိုကောင်တာတွင် My Number ကတ် သို့မဟုတ် ကျန်းမာရေးအာမခံအကျုံးဝင်ကြောင်းလက်မှတ်ကို ပြသပါ။ သင်သည် ယေဘုယျအားဖြင့် ဆေးကုသစရိတ်၏ တစ်စိတ်တစ်ပိုင်း (များသောအားဖြင့် 30%) ကိုသာ ပေးဆောင်ရန် လိုအပ်ပါသည်။

အမျိုးသားကျန်းမာရေးအာမခံအောက်တွင် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

- ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများတွင် တိုင်ပင်ဆွေးနွေးခြင်း၊ ကုသမှုများနှင့် ဆေးဝါးများကဲ့သို့သော ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု
- ဆေးရုံတက်နေစဉ်အတွင်း စားသောက်စရိတ်
- ဆေးကုသစရိတ်မြင့်မားမှု အကျိုးခံစားခွင့်များ - သင်ကိုယ်တိုင်စိုက်ထုတ်ရမည့်ဆေးကုသစရိတ် အလွန်မြင့်မားလာပါက သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်သော ကုန်ကျစရိတ်ကို ပြန်လည်ပေးအပ်ပါသည်။

## အမျိုးသားကျန်းမာရေးအာမခံအဖွဲ့ဝင်များသည် အာမခံကြေးများကို မဖြစ်မနေ ပေးဆောင်ရပါမည်။

အာမခံကြေးများကို သင်၏ ယခင်နှစ်ဝင်ငွေနှင့် အိမ်ထောင်စုအခြေအနေတို့အပေါ် အခြေခံ၍ တွက်ချက်ပါသည်။

အာမခံကြေးပမာဏနှင့် တွက်ချက်သည့်နည်းလမ်းများသည် မြို့နယ်အလိုက် ကွဲပြားပါသည်။

**အကယ်၍ သင်သည် အာမခံကြေးများကို မပေးဆောင်ပါက သင်၏မြို့နယ်မှ သင့်ထံသို့ သတိပေးအကြောင်းကြားစာ ပေးပို့ပါလိမ့်မည်။**

အချိန်ကြာမြင့်စွာ ငွေပေးဆောင်ခြင်း မရှိပါက အောက်ပါကဲ့သို့သော နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရနိုင်ပါသည်။

- သင်၏ပိုင်ဆိုင်မှုများ သိမ်းယူခံရနိုင်ပါသည်။
- သင်၏အကျိုးခံစားခွင့်များ ကန့်သတ်ခံရနိုင်ပါသည်။ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတွင် ဆေးကုသစရိတ် အပြည့်အဝပေးချေရန် လိုအပ်နိုင်ပါသည်။ ဤအခြေအနေတွင် အချို့သောသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ပြန်လည်ပေးအပ်သည့်ငွေ ရရှိပါမည်။
- ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း သို့မဟုတ် နေထိုင်ခွင့်အမျိုးအစား ပြောင်းလဲခြင်းတို့ ပြုလုပ်သည့်အခါ သင်၏အာမခံကြေးပေးဆောင်မှုအခြေအနေကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

**ကျေးဇူးပြု၍ အာမခံကြေးများကို သတ်မှတ်ရက်အတွင်း ပေးဆောင်ပါ။**

## အမေးအဖြေကဏ္ဍ

**မေးခွန်း 1။ ကျွန်ုပ်သည် ဂျပန်နိုင်ငံနှင့် လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက် ချုပ်ဆိုထားသောနိုင်ငံတစ်ခုမှ ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသားကျန်းမာရေးအာမခံသို့ စာရင်းသွင်းရန် လိုအပ်ပါသလား။**

အချို့ကိစ္စများတွင် အမျိုးသားကျန်းမာရေးအာမခံသို့ စာရင်းသွင်းရန် မလိုအပ်ပါ။ သင့်မြို့နယ်ရှိ အမျိုးသားကျန်းမာရေးအာမခံရုံးသို့ အာမခံစာရင်းသွင်းရန် လိုအပ်ခြင်း ရှိ၊ မရှိ မေးမြန်းပါ။

**မေးခွန်း 2။ အလုပ်မှအငြိမ်းစားယူပြီး ဝန်ထမ်းကျန်းမာရေးအာမခံမှ နုတ်ထွက်ထားပြီးနောက် အမျိုးသားကျန်းမာရေးအာမခံသို့ မည်သည့်အချိန်ကို နောက်ဆုံးထားပြီး စာရင်းသွင်းရမည်နည်း။**

14 ရက်အတွင်း သင့်မြို့နယ်ရှိ အမျိုးသားကျန်းမာရေးအာမခံရုံးတွင် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင်ဆောင်ရွက်ပါ။

**မေးခွန်း 3။ အာမခံကြေးများပေးဆောင်ရန် အခက်အခဲရှိပါက ဘာလုပ်သင့်သနည်း။**

ငွေကြေးအခက်အခဲများကြောင့် အာမခံကြေးများ သို့မဟုတ် ကိုယ်တိုင်စိုက်ထုတ်ကျခံရမည့် ဆေးကုသစရိတ်များကို ပေးဆောင်ရန် အခက်အခဲရှိပါက စရိတ်လျှော့ချပေးခြင်း သို့မဟုတ် အရစ်ကျပေးချေခြင်းတို့ ရယူနိုင်ပါသည်။ ဤကဲ့သို့သောအခြေအနေများတွင် သင်နေထိုင်ရာအရပ်မှ မြို့နယ်ရုံး၌ အမြန်ဆုံး တိုင်ပင်ဆွေးနွေးပါ။



## ဆက်သွယ်ရန်

**သင့်မြို့နယ်ရှိ အမျိုးသားကျန်းမာရေးအာမခံရုံး**

**【မြို့နယ်အမည်】**

**【ရုံးဖုန်းနံပါတ်】**

**【ရုံးခန်းတည်နေရာ】**

ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare